EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁၆)၊ အောက်တိုဘာ ၁၁ ရက်၊ ၂၀၁၆

## မွန်ပြည်နယ်လွှတ်တော်သို့ တင်သွင်းမည့် MCL စက်ရုံအစီရင်ခံစာ ကြန့်ကြာနေ



**အောက်တိုဘာ ၇၊ ၂၀၁၆**

မွန်ပြည်နယ်လွှတ်တော် သဘာဝပတ်ဝန်းကျင် လေ့လာစောင့်ကြည့်ရေး ကော်မတီမှ မော်လမြိုင် ဘိလပ်မြေစက်ရုံ MCLနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ တောင်းဆိုရာတွင် အခက်အခဲရှိသောကြောင့် ပြည်နယ်လွှတ်တော်သို့ တင်သွင်းမည့် အစီရင်ခံစာပြီးစီးရန် ကြန့်ကြာနေရသည်ဟု အစီရင်ခံစာရေးသားပြုစုသည့် ကော်မတီဥက္ကဋ္ဌက ဆိုသည်။

ဇွန်လ ၁ ရက်နေ့တွင် အဆိုပါကော်မတီမှ MCL မော်လမြိုင်ဘိလပ်မြေစက်ရုံအား ကွင်းဆင်းလေ့လာခဲ့ပြီး MCL မော်လမြိုင်ဘိလပ်မြေစက်ရုံမှ ပြုစုရေးသားထားသည့် EIA-SIA အစီရင်ခံစာကို တောင်းဆိုမေးမြန်းရာတွင်လည်း ၎င်းအစီရင်ခံစာကို MIC (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်)ကို တင်ပြထားပြီးဖြစ်ကြောင်း နောက်နောင်တွင် အစီရင်ခံစာကို ပို့ပေးမည်ဖြစ်ကြောင်း သယံဇာတစောင့်ကြည့်လေ့လာရေး **ကော်မတီ၏ MCL အစီရင်ခံစာတွင် ဖော်ပြထားရှိသည်။**

မွန်ပြည်နယ် လွှတ်တော်ဒု-ဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးက "ဒုတိယအကြိမ် လွှတ်တော်စတာနဲ့ ပြည်သူတွေရဲ့ အကြီးမားဆုံး တိုင်ကြားမှုက MCL လျှပ်စစ်စွမ်းအင်ကို ကျောက်မီးသွေးနဲ့သုံးတဲ့ ကိစ္စပါပဲ"ဟု ဆိုသည်။

ထို့အပြင် မွန်ပြည်သစ်ပါတီနှင့် မွန်အမျိုးသားပါတီတို့က MCL မော်လမြိုင် ဘိလပ်မြေစက်ရုံ ကျောက်မီးသွေးသုံး စွမ်းအင်နှင့်ပတ်သတ်ပြီး ကန့်ကွက်**ကြေညာချက်ထုတ်ပြန်ထားပြီး** မွန်အမျိုးသားကွန်ဖရင့်စည်းဝေးဆုံးဖြတ်ချက်**တွင်**လည်း MCL **စက်ရုံ၏ ကျောက်မီးသွေးသုံးစွမ်းအင်ကို ပြင်းပြင်း**ထန်ထန်ကန့်ကွက်သည့် ဆုံးဖြတ်ချက် ကို ချမှတ်ထားကြောင်းကို ဒေါက်တာအောင်နိုင်ဦး က အစီရင်ခံစာဆွေးနွေးရာတွင် ထည့်သွင်း ဆွေးနွေးခဲ့သည်။

အပိုင်း ၁ အစီရင်ခံစာကို မေ ၂၇ ရက် နေ့ စတင်ပြုစုရာ ၄ ကြိမ် ကွင်းဆင်းလေ့လာခဲ့ပြီး အစီရင်ခံစာ အပိုင်း ၂ ကို လာမည့်အနီးစပ်ဆုံး လွှတ်တော်အစည်းအဝေးတွင် ဆက်လက်တင်ပြသွားမည်ဟု သဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်ရေးကော်မတီမှ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၂၃ ရက်နေ့ကလည်း ၎ ကျောက်မီးသွေးသုံးလျှပ်စစ်စွမ်း**အင်**ကို ရပ်တန့်ပေးရန် **ကျိုက်မရောမြို့နယ်ရှိ ပြည်သူ** ၁၀,၃၀၀ တို့က လက်မှတ်ရေးထိုးပြီး နိုင်ငံ**တော်သမ္မတထံ** တိုင်စာထပ်မံပေးပို့ထား**ကြောင်း** သိရသည်။ *(ကိုးကား- www.hintharmedia.com မှ ကောက်နုတ်တင်ပြသည်)*

## သတင်းတို

ချင်းတွင်းမြစ်ဝှမ်းထိန်းသိမ်းရေးနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပရာ **စစ်ကိုင်းတိုင်း**တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ် စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ တက်ရောက်ခဲ့ကြသည်။ ချင်းတွင်းမြစ်ဝှမ်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အဖွဲ့ကို **တိုင်း**ဒေသကြီး ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၉ ဦး၊ ပါမောက္ခများ၊ မကွေးတိုင်းဒေသကြီး၊ ကချင်နှင့်ချင်းပြည်နယ်တို့မှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။
*(ကိုးကား- www.7daydaily.com မှ ကောက်နုတ်တင်ပြသည်)*

## ရေနံချက်ဖိုတွေ ပိတ်သိမ်းဖို့ အဆို ရောဝတီတိုင်းလွှတ်တော် အတည်ပြု

**အောက်တိုဘာ ၁၀၊ ၂၀၁၆**

ရောဝတီတိုင်းဒေသကြီး မြန်အောင်၊ ကြံခင်းနဲ့ အင်္ဂပူ မြို့နယ်မှာရှိတဲ့ ရေနံချက်ဖိုများသည် သစ်တောပြုန်းတီးပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက် ပိတ်သိမ်းဖို့အဆိုကို တိုင်းဒေသကြီးလွှတ်တော်မှ အောက်တိုဘာလ ၄ ရက်နေ့တွင် အတည်ပြုလိုက်သည်။

အဲဒီအဆိုနဲ့ပတ်သက်၍ ရောဝတီတိုင်းဒေသကြီး စွမ်းအင်၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ဝန်ကြီး ဦးဝင်းဌေးက ထောက်ခံကြောင်းနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောကြားခဲ့ကြောင်း ကြံခင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်းက ပြောပါတယ်။


"အဆိုကတော့ အောင်မြင်သွားပါတယ်ခင်ဗျ၊ အစိုးရဝန်ကြီး ဖြေသွားတာကတော့ အဆိုကို လက်ခံကြောင်းနဲ့ အဆိုပါအချက်များအတိုင်းပေါ့၊ အစိုးရအဖွဲ့အစည်းအဝေး ခေါ်ယူပြီး ဆုံးဖြတ်သွားမှာဖြစ်ကြောင်း ဖြေသွားပါတယ် ခင်ဗျ"လို့ ဦးသော်ဇင်ဝင်းက ပြောကြားသည်။ ယင်းအဆိုကို မြန်အောင်မဲဆန္ဒနယ် ကိုယ်စားလှယ် ဒေါ်စုစုအောင်က အောက်တိုဘာလ ၃ ရက်နေ့တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

ရောဝတီတိုင်းဒေသကြီးအတွင်းမှာ လုပ်ကိုင်နေတဲ့ ရေနံချက်ဖိုတွေ မြန်မာနိုင်ငံ အလယ်ပိုင်း လက်ယက်တွင်းတွေက ထွက်လာတဲ့ ရေနံတွေကို ချက်လုပ်တာဖြစ်ပါတယ်။

ရေနံချက်လုပ်ရာတွင် ထင်းလောင်စာလိုအပ်သည့်အတွက် မြန်အောင်၊ ကြံခင်းနဲ့ အင်္ဂပူမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းတွေမှာ သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်စေတယ်လို့လည်း လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။ ရေနံဖိုတွေကိုဖျက်သိမ်းပြီးနောက် ထင်းအလွန်အကျွံသုံးစွဲမှုကြောင့် သစ်ပင်ခုတ်လှဲခြင်းနှင့် သစ်ထုတ်လုပ်မှု လျော့နည်းသွားမှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တွေက ထောက်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

*(ကိုးကား- The Voice Daily မှ ကောက်နုတ်တင်ပြသည်)*

## စာရင်းစစ်ချုပ်အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြပေးရန် ရန်ကုန်တိုင်းလွှတ်တော်၌ တိုက်တွန်း



**အောက်တိုဘာ ၄၊ ၂၀၁၆**

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ချုပ် အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြပေးရန် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက တိုက်တွန်းခဲ့သည်။

"ကျွန်မရဲ့ ပြည်ထောင်စု အတွေ့အကြုံအရ ပြောမယ်ဆိုရင် စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာမှာ မှားယွင်းတဲ့ ကိန်းဂဏန်းတွေ၊ ဘဏ္ဍာငွေ မှားယွင်းစွာသုံးမှုတွေနဲ့ ခေါင်းစဉ်လွဲမှားစွာ ငွေသုံးစွဲမှုတို့ ရှိခဲ့တယ်ဆိုတာကို စစ်ရင်းစစ်ချုပ်ရုံးရဲ့ စစ်ဆေးချက်အရ တွေ့ရှိခဲ့ရပါတယ်။ ဒါပေမယ့် အရေးယူမှုပိုင်းမှာ ပျက်ကွက်ခဲ့ပါတယ်။ အခုတော့ အစိုးရလည်း ပြောင်းသွားပြီ။ စာရင်းစစ်ချုပ်လည်း ပြောင်းသွားပြီဆိုတော့ အရေးယူမှုအပိုင်းမှာ ပိုပြီးတော့ လုပ်နိုင်လာအောင် ဒီလိုမျိုးအဆိုတွေ တင်ရခြင်းဖြစ်ပါတယ်"ဟု ၎င်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် အောက်တိုဘာ ၄ ရက်နေ့က ပြောကြားခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စာရင်းစစ်ချုပ်၏ အစီရင်ခံစာပါ အချက်အလက်များနှင့် မြေပြင်အခြေအနေကို တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် ပြည်သူများအတွက် အကျိုးရှိအောင် ပိုမိုဆောင်ရွက်နိုင်မည်ဟု ဒေါ်စန္ဒာမင်းက ပြောကြားသည်။

ဒဂုံမြို့နယ်၊ အမှတ်(၂) မဲဆန္ဒနယ်မှ ဦးကျော်ဇေယျကလည်း စာရင်းစစ်ချုပ် အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြရန် လိုအပ်ပြီး ပြည်သူလူထုအတွက် ပွင့်လင်းမြင်သာစွာချပြရန် လိုအပ်သည်ဟု ထောက်ခံဆွေးနွေးသွားသည်။

*(ကိုးကား - http://frontiermyanmar.net/ မှ ကောက်နုတ်တင်ပြသည်)*

### သတင်းဓာတ်ပုံ



အောက်တိုဘာ ၉ ရက်နေ့ ချင်းပြည်နယ် ဟားခါးမြို့နယ်စည်ပင်ရွေးကောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်နှင့် လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲလှည့်လည်ကြည့်ရှုစဉ်။

*(ဦးဇိုဘွဲ Facebook Page)*

# UKT အရက်ချက်စက်ရုံလုပ်ငန်း ပြန်လည်လုပ်နိုင်ရေးတင်ပြမှုကို မကွေးလွှတ်တော် ကန့်ကွက်



အောက်တိုဘာလ ၆၊ ၂၀၁၆

အောက်တိုဘာလ(၆)ရက်တွင် ကျင်းပခဲ့သော မကွေးတိုင်းဒေသကြီး လွှတ်တော်တွင် လုပ်ငန်းရပ်ဆိုင်းခံထားရတဲ့ ‌ေ အာင်လံမြို့ပေါ်က U.K.T အရက်ချက်စက်ရုံလုပ်ငန်းပြန်လည်လုပ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှပေးပို့သောစာကို လွှတ်တော်ဥက္ကဋ္ဌမှ ဖတ်ကြားတင်ပြခဲ့ပါသည်။ ယင်းတင်ပြမှုကို တပ်မတော်သားကိုယ်စားလှယ်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တတ်ရပ်ကန့်ကွက်ခဲ့ကြပြီး ကန့်ကွက်မှုကို လွှတ်တော်က အတည်ပြုခဲ့သည်။ UKT အရက်ချက်စက်ရုံ လည်ပတ်ခြင်း အား ပိတ်သိမ်းရန် ၂၀၁၆ ခုနှစ်၊ ဇွန် ၂၂ ရက်နေ့တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်။

*(ကိုးကား- www.7daydaily.com နှင့် RFAမှ ကောက်နုတ်တင်ပြသည်။)*

| ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများဖွဲ့စည်းပုံ | | | | | |
|---|---|---|---|---|---|
| စဉ် | ရေးရာကော်မတီ | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၂။ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ | ၇ | ၂ | _ | ၉ |
| ၃။ | လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ | ၁၀ | ၂ | _ | ၁၂ |
| ၄။ | ကတိကဝတ်၊ အာမခံချက်စိစစ်ရေးကော်မတီ | ၁၁ | ၂ | _ | ၁၃ |
| ၅။ | စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ | ၁၂ | ၂ | _ | ၁၄ |
| ၆။ | စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၇။ | ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကော်မတီ | ၁၁ | ၂ | _ | ၁၃ |
| ၈။ | လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၁၀ | ၂ | _ | ၁၂ |
| ၉ ။ | ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ | ၁၃ | ၂ | _ | ၁၅ |

| ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများဖွဲ့စည်းပုံ | | | | | |
|---|---|---|---|---|---|
| စဉ် | ရေးရာကော်မတီ | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | ၅ | ၁ | _ | ၆ |
| ၂။ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ | ၆ | ၁ | _ | ၇ |
| ၃။ | လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ | ၅ | ၁ | _ | ၆ |
| ၄။ | ဒေသန္တရစီမံကိန်း၊ အရအသုံးငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ | ၆ | ၁ | _ | ၇ |
| ၅။ | ပြည်သူ့ရေးရာ ကော်မတီ | ၆ | ၁ | _ | ၇ |
| ၆။ | ပြည်သူ့ငွေစာရင်းသုံးစွဲမှု စိစစ်ရေးကော်မတီ | ၆ | ၁ | _ | ၇ |
| ၇။ | စိုက်ပျိုးရေးနှင့် မွေးမြူရေးကော်မတီ | ၆ | ၁ | _ | ၇ |
| ၈။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ | ၆ | ၁ | _ | ၇ |
| ၉ ။ | လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေးကော်မတီ | ၅ | ၁ | _ | ၆ |
| ၁၀။ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကော်မတီ | ၆ | ၁ | _ | ၇ |
| ၁၁။ | စက်မှုစွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ | ၆ | ၁ | _ | ၇ |
| ၁၂။ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီ | ၆ | ၁ | _ | ၇ |
| ၁၃။ | သာသနာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ | ၆ | ၁ | _ | ၇ |

**ကျန်တိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများကို အလျဉ်းသင့်သလို ဆက်လက်ဖော်ပြပေးသွားပါမည်။ အချက်အလက်အရင်းအမြစ်-EMReF**